# စာရိတ္တမဏ္ဍိုင်

## မိန့်ခွန်းများ

ဦးနု
ဒေါက်တာဘဦး
သတိုးသီရိသုဓမ္မဦးမြ
ဦးဝင်း

ဒုတိယအကြိမ်

mgyoe.com

စာရိတ္တပလ္လိုင် မိန့်ခွန်းများ၊ ဦးနု နှင့် အခြား
စာမျက်နှာ ၈၆ + မျက်နှာ၊ ၁၂·၈ စင်တီ × ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၇ ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■■

# စာရိတ္တမဏ္ဍိုင် မိန့်ခွန်းများ

ဦးနု၊ ဒေါက်တာဘဦး၊
သတိုးသီရိသုဓမ္မ ဦးမြ၊ ဦးဝင်း

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း က

၁။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ လာဘ်ပေး လာဘ်ယူ ပပျောက်ရေး မိန့်ခွန်း။ ၁

[ ၁၉၅၁–ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ရန်ကုန်မြို့ လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ပြိုင်ပွဲ၊ ဆုပေးပွဲ အခမ်းအနား၌ ... ]

၂။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ စ သုံးလုံး ဥပဒေသွင်း မိန့်ခွန်း။ ၇

[ ၁၉၅၁–ခုနှစ်၊ အောက်တိုဘာလ ၄ ရက် ကြာသပတေးနေ့ တိုင်းပြည်ပြု လွှတ်တော် ပါလီမန်တွင် ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန 'ဥပဒေကြမ်း' ကို တင်သွင်းရာ၌ ... ]

၃။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ကျမ်းသစ္စာဆိုပွဲ မိန့်ခွန်း။ ၁၉

[ ၁၉၅၁–ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပ သော ပြည်ထောင်စု မြန်မာနိုင်ငံတော် အထူးစုံစမ်း စစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများနှင့် အရာရှိကြီးများ၏ ကျမ်းသစ္စာဆိုပွဲ အခမ်းအနားတွင် ... ]


mgyoe.com

mgyoe.com

၄။ နိုင်ငံတော် သမ္မတ အဂ္ဂမဟာသိရိသုဓမ္မ ၃၁
ဒေါက်တာ ဘဦး၏ မိန့်ခွန်း။
[ ပြည်ထောင်စု မြန်မာနိုင်ငံတော် အထူးစုံစမ်း
စစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်း စစ်ဆေးရေး
ဌာန ကျမ်းသစ္စာဆိုပွဲ အခမ်းအနား၌ ... ]
၅။ လွှတ်တော်ဥက္ကဋ္ဌကြီး သတိုးသိရိသုဓမ္မ ဦးမြ၏ ၃၅
မိန့်ခွန်း။
[ ပြည်ထောင်စု မြန်မာနိုင်ငံတော် အထူးစုံစမ်း စစ်ဆေးရေးနှင့်
အထူး စစ်ဆေးရေးဌာန ကျမ်းသစ္စာဆိုပွဲ အခမ်းအနားတွင် ... ]
၆။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးဝင်း၏ ၄၃
မိန့်ခွန်း။
[ ပြည်ထောင်စု မြန်မာနိုင်ငံတော် အထူး စုံစမ်းရေးအဖွဲ့
ကျမ်းသစ္စာ ကျိန်ဆိုပွဲတွင် ... ]
၇။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ စစ်ကိုင်းတိုင်း ၄၉
စ သုံးလုံးဌာနခွဲဖွင့် မိန့်ခွန်း။
[ ၁၉၅၂–ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပ
သည့် စစ်ကိုင်းတိုင်း အထူးစုံစမ်း စစ်ဆေးရေးဌာနခွဲ
ဖွင့်လှစ်သည့် အခမ်းအနား၌ ... ]
၈။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ စ သုံးလုံး ၅၇
အရာရှိများအား ဩဝါဒပေးမိန့်ခွန်း။
[ ၁၉၅၃ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် အထူး
စုံစမ်းစစ်ဆေးရေးဌာန အရာရှိများ ဩဝါဒပေးရာ၌ ... ]

mgyoe.com

mgyoe.com

၉။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ၅၅ ခု၊ ၆၅
စ သုံးလုံး နှစ်လည်ညီလာခံ မိန့်ခွန်း။
[ ၁၉၅၅ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၈ နာရီ၌
ကျင်းပသည့် စ သုံးလုံး နှစ်ပတ်လည် ညီလာခံဖွင့်ပွဲ၌ ... ]
၁၀။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ၅၆ ခုနှစ်၊ ၇၇
စ သုံးလုံး ညီလာခံ မိန့်ခွန်း။
[ ၁၉၅၆ ခု၊ ဇန်နဝါရီလ ၁ ရက် စသုံးလုံး နှစ်ပတ်လည် ညီလာခံ
ဖွင့်ပွဲ၌ ... ]

■

mgyoe.com

mgyoe.com

## ဝန်ကြီးချုပ်ဦးနု ပန်ကြားချက်

အခုလို အခွင့်ကောင်းရတဲ့အခါမှာ ပြည်သူလူထုကြီး တစ်ရပ်လုံးကို ဒီနေရာကနေပြီး ကျွန်တော် ပန်ကြားလိုပါတယ်။ အထူးသဖြင့် တာဝန်ရှိတဲ့လူတွေကို အထူး ပန်ကြားလိုပါတယ်။ ကျွန်တော် ခေါင်းဆောင်ပြီး စသုံးလုံး အဖွဲ့က ခုလို ခြစားမှုတွေကို အစွမ်းကုန် တိုက်ဖျက်နေတာဟာ ကျွန်တော်တို့ သွေးဆာလို့လည်း မဟုတ်ပါဘူး။ ဖမ်းရဆီးရတာတွေမှာ ပျော်လို့လည်း မဟုတ်ပါဘူး။ ဝါသနာပါလို့လည်း မဟုတ်ပါဘူး။ ဒီခြစားမှုတွေကို အချိန်မီ မဖျက်နိုင်ရင် ကျွန်တော်တို့ ပြည်ထောင်စုကြီး ရေတိမ်တွင် နစ်မယ် ဆိုတာကို တထစ်ချ ယုံကြည်နေတဲ့အတွက် ကျွန်တော်တို့ရဲ့ ဒီယုံကြည်ချက်အရ ကျွန်တော်တို့ အစွမ်းကုန် တိုက်ဖျက်နေခြင်း ဖြစ်ပါတယ်။

**၁၉၅၆ ခု၊ စသုံးလုံး နှစ်ပတ်လည် ညီလာခံတွင်**
**မြွက်ကြားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မိန့်ခွန်းမှ။**

mgyoe.com

mgyoe.com

# နိဒါန်း

လူကောင်းမှ တိုင်းပြည်ကောင်းသည်။ လူမကောင်းလျှင် တိုင်းပြည်မကောင်းဟူသည်ကို အထူးဖွဲ့ကာချဲ့နေရန်မလို။ ထင်ထင်ရှားရှား ကွင်းကွင်းကွက်ကွက် လူတိုင်း နားလည်နိုင်သော အချက် ဖြစ်ပေသည်။

ရာဇဝင်ကိုကြည့်လျှင် ရှေးရောမပြည်ကြီး၊ ဂရိတ်ပြည်ကြီး၊ စပိန်ပြည်ကြီး စသည်တို့ ယိမ်းယိုင်ပြိုကွဲပျက်ခဲ့ရသည်။ ယခုခေတ် မျက်မှောက်တွင်ပင် ချန်ကေရှိတ်အစိုးရတရုတ်ပြည်ကြီး ပျက်စီးယိုင်လဲခဲ့ရသည်။ ဤသို့ ယိုင်လဲပြိုပျက်ခဲ့ရသည်မှာ ကိုယ်တွင်း စာရိတ္တအင်အား ခေါင်းပါးချည့်နဲ့မှုသည်သာလျှင် အကြောင်းရင်းကြီး ဖြစ်ခဲ့သည်ကို တွေ့ရပေသည်။

အထူးအားဖြင့် စစ်ကြီးမက်ကြီး ဖြစ်ပွား၍ လူ့အစည်းအရုံး ပျက်ပြားသည့်ခေတ်များ၌ စာရိတ္တအင်အား နည်းပါးတတ်လေသည်။ ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး

mgyoe.com

mgyoe.com



နောက်လည်း စာရိတ္တ ပျက်ပြားခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးနောက် ပို၍ ဆိုးလာခဲ့သည်။ ဤသို့ ပျက်ပြားမှုသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ပင် ဂယက်ရိုက်၍လာခဲ့ရာ ထိုအန္တရာယ်ကြီးကို အချိန်မီ တစ်ပြည်ထောင်လုံး ဝိုင်းဝန်းကာဆီး တားမြစ်နိုင်မှ ရှေးရောမပြည်ကြီး၏အဖြစ်မျိုး၊ ယခုခေတ် ချန်ကေရှိတ်အစိုးရ တရုတ်ပြည်ကြီး၏ အဖြစ်မျိုးမှ လွတ်မြောက်နိုင်ပေမည်။

ဤအရေးကို မြင်သဖြင့် ပြည်ထောင်စု အစိုးရက ပြည်ထောင်စုအတွင်း၌ တိုက်၍စားနေသော အပုပ်အသိုးအဆွေးအမြည့် မသမာမှုများကို ဆောလျင်စွာ နှိပ်ကွပ်ဖယ်ရှားပစ်နိုင်ရန် အထူးစုံစမ်း စစ်ဆေးရေး အက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီးလျှင် အထူးစုံစမ်း စစ်ဆေးရေးဌာနကို ဖွဲ့စည်းလျက် ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အထူးစုံစမ်း စစ်ဆေးရေး အဖွဲ့ဝင် လူကြီးများနှင့် အရာရှိကြီးများအား ကျမ်းသစ္စာဆိုစေ၍ အာဏာများ အပ်နှင်းလေသည်။

ထိုအာဏာ အပ်နှင်းသည့် အခမ်းအနား၌ နိုင်ငံတော် ဝန်ကြီးချုပ် သခင်နုက 'ကျွန်တော်တို့ ပြည်ထောင်စုရဲ့ စာရိတ္တမဏ္ဍိုင်ဟာ အင်မတန်ကို အသည်းထိတ်စရာကောင်းတဲ့ အခြေအနေမှာ ရောက်နေပါပြီ' ဟု နိုင်ငံကြီးအား သတိပေး နှိုးဆော်လိုက်လေသည်။ တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ ဆာဘဦးက 'လာဘ်မစားနှင့်၊ မကြောက်နှင့်၊ မျက်နှာမလိုက်နှင့်၊ ဒေါသရှေ့ထား၍ မပြုလုပ်နှင့်' ဟု ကျင့်ဝတ်သြဝါဒစကား ပြောကြားလေသည်။

mgyoe.com

mgyoe.com



လွှတ်တော် ဥက္ကဋ္ဌကြီး သတိုးသီရိ သုဓမ္မဦးမြကြ 'အဂတိလေးပါး လိုက်စားတဲ့ လူတွေဟာ လူယောင်ဆောင်နေတဲ့ လူသားစား သရဲသဘက်တွေ ဖြစ်ပါတယ်။ ဒီလူတွေဟာ ပြည်ထောင်စုသားများရဲ့ အသွေးအသားကို စားသောက်ဝါးမျိုနေကြတဲ့ သရဲသဘက်တွေပဲ' ဟူ၍ လည်းကောင်း။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးဝင်းက 'ကတိသစ္စာ ပျက်တဲ့အခါကျရင် ဘာပဲပြောပြော သေးဖြစ်ပါတယ်။ ကတိသစ္စာ ပျက်သွားတဲ့အခါကျတော့ ကိုယ်တင်မကဘူး၊ တစ်တိုင်း တစ်ပြည်လုံးပါ ပျက်တတ်တာကို သတိမူသင့်ပါတယ်' ဟူ၍ လည်းကောင်း။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်နေဝင်းက 'မျက်နှာကြီးငယ် မရွေးပါနှင့်၊ ယုံလို့ ပုံအပ်တဲ့ အာဏာတွေကို အလွဲသုံးစား မလုပ်ပါနှင့်။ ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားနဲ့ အမှားအယွင်း မရှိရအောင် ဆောင်ရွက်ပါ' ဟူ၍ လည်းကောင်း နိုင်ငံတော်ကြီး အကျိုးကို မျှော်ကိုးသော သြဝါဒစကားများ ပြောကြားကြပေသည်။

ဤစကားများကား မျက်မှောက်တွင်လည်း အမြဲတစေ စေ့စေ့ ဆင်ခြင် လေ့လာသုံးသပ်ရန်၊ နောင်လာနောက်သားတို့အတွက်လည်း မတိမ်းမစောင်းသော လမ်းကောင်းကြီး တစ်ရပ် ထင်ရှားရစ်စေရန် အထူးအရေးကြီးသည့်အလျောက် အားလုံးကို စုပေါင်း၍ စာတစ်အုပ် ပြုလုပ်ထုတ်ဝေလိုက်ပါသတည်း။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁၉၅၁–ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ရန်ကုန်မြို့
လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ပြိုင်ပွဲ၊ ဆုပေးပွဲ
အခမ်းအနားတွင် ...

## ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်း

"ပဏ္ဍာယူစား၊ အကျင့်မှား၍၊
တိုင်းကား ရေနစ်၊ ပင်လယ်ဖြစ်၏။"

လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ဖို့အတွက် လက်နက်တစ်ခု အနေနဲ့ ဒီပြပွဲပြိုင်ပွဲကို ကျင်းပတာဟာ ဗမာ့ရာဇဝင်မှာ ဒါဟာ ပထမ အကြိမ်ပဲလို့ ကျွန်တော် ထင်ပါတယ်။ ဒီပြပွဲပြိုင်ပွဲကို ကျင်းပတဲ့ အဓိက ရည်ရွယ်ချက်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူတာ အမှတ်တမဲ့ ကြည့်လိုက်လျှင် သာမန်ကိစ္စလောက်သာ ထင်ရပေတဲ့ အမှန်စင်စစ် ဆိုတော့ လာဘ်ပေးလာဘ်ယူလုပ်တာ တစ်ခုတည်းနဲ့ပဲ နိုင်ငံတစ်နိုင်ငံ လုံး ဆုံးရှုံးပျက်စီးခဲ့ရဖူးတဲ့ သက်သေ သာဓကတွေဟာ နိပါတ်တော် တွေထဲမှာရော ရာဇဝင်တွေထဲမှာရော အမြောက်အမြား ရှိပါတယ်။ ဒီသာဓကတွေ အမြောက်အမြားထဲက ရှေးဦးစွာ နိပါတ်တော် သာဓက

mgyoe.com

mgyoe.com


တစ်ခုကို ထုတ်ပြချင်ပါတယ်။ ဒုကနိပါတ် ကုရုဇာတ်မှ ကုရုတိုင်း အစိုးရနဲ့ ကုရုမင်းဆိုတာ ရှိတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရဲ့ ဘုရား လောင်း ရသေ့ဟာ ဟိမဝန္တာမှ ရသေ့ငါးရာနှင့်တကွလာပြီး ကုရုမြို့ မြောက်တံခါးအနီး တစ်ခုသော ပညောင်ပင်အရင်းမှာ နေတယ်။ နောက်မှရောက်လာသော ရသေ့ငါးရာတို့ကလည်း ဒီပညောင်ပင်မှာပဲ နေကြတယ်။ အဲဒီ အခါ ဒီရသေ့နှစ်ဂိုဏ်းဟာ ဒီပညောင်ပင်ကို သူပိုင် ထိုက်တယ်၊ ငါပိုင် ထိုက်တယ် ဆိုပြီး အငြင်းဖြစ်ပွားကြတယ်။ အဲဒီ အငြင်းဖြစ်တဲ့ အမှုကို ဆုံးဖြတ်ပေးဖို့ ရသေ့ဂိုဏ်း နှစ်ခုစလုံးက ရှင် ဘုရင်ဆီကို သွားကြတယ်။ ပထမတော့ ရှင်ဘုရင်က အရင်ရောက်လာ တဲ့ ရသေ့တွေသာလျှင် ဒီသစ်ပင်ကို ပိုင်စေလို့ ဆုံးဖြတ်ပေးတယ်။ အဲဒီတော့ ဒုတိယရသေ့ဂိုဏ်းက ရထားချိုင့်တစ်ခုနဲ့ ရှင်ဘုရင်ကို လက် ဆောင်ထိုးကြတယ်။ အဲဒီအခါ ရှင်ဘုရင်က လက်ဆောင်ယူပြီး ဒီ ပညောင်ပင်ကို ရသေ့နှစ်ဂိုဏ်းစလုံး အတူတူပိုင်စေလို့ အမိန့်ချလိုက် တယ်။ အဲဒီအခါ ပထမ ရသေ့ဂိုဏ်းက ရထားချိုင့်ရဲ့ ရထားလှည်းဘီး စက်တို့နှင့် ရှင်ဘုရင်ကို လက်ဆောင်ထိုးကြပြန်တယ်။ အဲဒီအခါ ရှင် ဘုရင်က ဒီပညောင်ကို ပထမ ရသေ့ဂိုဏ်းသာ ပိုင်စေလို့ နောက်ထပ် ပြီး အမိန့်ချပြန်တယ်။ အဲဒီအခါ ရသေ့ဂိုဏ်း နှစ်ဂိုဏ်းစလုံး နှလုံး မသာမယာဖြစ်ပြီး ဟိမဝန္တာကို ပြန်သွားကြတယ်။ အဲဒါကို မြင်ရတဲ့ ကုရုတိုင်းစောင့်နတ်တွေဟာ ကုရုမင်းပေါ်မှာ အမျက်ထွက်ကြပြီး ယူ ဇနာသုံးရာရှိတဲ့ ကုရုတိုင်းပြည်ကို ပင်လယ်ဖြစ်အောင် ရေလွှမ်းမိုးပစ် လိုက်တယ်။ အဲဒီဝတ္ထုကို ရည်ရွယ်ပြီး မာန်လည် ဆရာတော် ဘုရား ကြီးက မဃဒေဝ လင်္ကာသစ်မှာ...

mgyoe.com

mgyoe.com


**'တသီးချွတ်ယွင်း၊ ကုရုမင်းလည်း**
**ဂိုဏ်းသင်း နှစ်ပါး၊ ရသေ့များကို၊**
**တရားတိုက်ကာ၊ ပဏ္ဍာသယူစား၊**
**အကျင့်မှား၍၊ တိုင်းကားရေနစ်၊**
**ပင်လယ်ဖြစ်၏'** လို့ စပ်ဆိုတော်မူခဲ့ပါတယ်။

အခုခေတ် ရာဇဝင်ထဲက ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ်တိုင် မြင်ခဲ့ရတဲ့ သက်သေသာဓကကိုမှ ခင်ဗျားတို့ သိချင်ကြတယ်ဆိုရင် တခြားမှာ ကြည့်နေဖို့ မလိုပါဘူး။ ခင်ဗျားတို့ရဲ့ မျက်စိအောက်မှာပဲ သဲနဲ့ ဆောက်ထားတဲ့ အိမ်ကြီးပြိုကြသလို အပြိုကြီး ပြိုကျသွားတဲ့ ချန်ကေရှိတ် တရုတ်ပြည်ကြီးကို ကြည့်ပါ။

အဲဒီတော့ ဒီပြပွဲကို ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်ကြီးဟာ ပြည်ထောင်စုကြီးရဲ့တည်တံ့ရေးပဲ ဖြစ်ပါတယ် ဆိုတဲ့ ကျွန်တော့် စကားကို ခင်ဗျားတို့ လေးလေးပင်ပင် လက်ခံကြစေလိုပါတယ်။

ဒီကနေ့ လာဘ်ပေးလာဘ်ယူနဲ့ ပတ်သက်ပြီး ပြည်ထောင်စုထဲမှာ ကြည့်လိုက်မယ်ဆိုရင် အတော်ကြီးဆိုးနေတဲ့ အခြေအနေကို ရောက်နေပါပြီ။ ကျွန်တော် ရှက်ရှက်နဲ့ပဲ ထပ်ပြီး ဝန်ခံပါရစေ။ ဒီလာဘ်ပေးလာဘ်ယူ ကိစ္စဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုထဲမှာ အတော်ကြီးကို ဆိုးတဲ့ အခြေအနေကို ရောက်နေပါတယ်။ နိုင်ငံရေးသမားတွေထဲမှာရော၊ အရာရှိတွေထဲမှာရော ဒီလာဘ်ပေးလာဘ်ယူ ကိစ္စတွေဟာ မှိုတွေပေါ်သလို ပေါ်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် ကြားပါတယ်။ ဒါပေမဲ့ သက်သေထင်ထင်ရှားရှားရတဲ့ အမှုတွေကိုသာ တိတိကျကျ အရေးယူနိုင်ခဲ့တယ်။ လာဘ်ပေးလာဘ်ယူ လုပ်မှန်းတော့ သိတယ်။ သက်သေ ထင်ထင်ရှားရှားရှာမရတဲ့ ကိစ္စတွေကျတော့ ဘာမှ မတတ်နိုင်ဘူး။ လက်ပိုက်ပြီး ကြည့်နေခဲ့ရတယ်။

mgyoe.com

mgyoe.com


## ရပ်တန်းက မရပ်ကြရင် ပြည်ထောင်စုကြီး ပျက်လိမ့်မယ်

အဲဒီတော့ ဒီနေရာမှာ ပြည်ထောင်စုထဲမှာရှိတဲ့ လာဘ်ပေး လာဘ်ယူလုပ်နေတဲ့ လူတွေအားလုံးကို ကျွန်တော် သတိပေးပါရစေ။ အဲဒီလာဘ်ပေးလာဘ်ယူ ကိစ္စတွေဟာ ရပ်တန်းက မရပ်ကြရင် ပြည်ထောင်စုကြီး ပျက်လိမ့်မည်။ ကုရုဘုရင် တစ်ပါးတည်း ညစ်ပတ်တာနဲ့ ကုရုတိုင်းတစ်တိုင်းလုံး ပျက်စီးကြတယ်ဆိုရင် ပြည်ထောင်စုထဲမှာ လာဘ်ပေးလာဘ်ယူ ကိစ္စနဲ့ ပတ်သက်ပြီး အခုလောက် ညစ်ပတ်နေကြတဲ့အတွက် ပြည်ထောင်စုကြီး ပျက်ဖို့ကတော့ တယ်ပြီး ဝန်မလေးလှဘူး။ အဲဒီလို ပျက်ရင်တော့ ဒီလာဘ်ပေးလာဘ်ယူသမားတွေလည်း ပျက်ပြားရမှာပဲ။ သင်းတို့ ညစ်ပတ်ပြီးရထားတဲ့ ပစ္စည်းတွေလည်း ပျက်ရမှာပါပဲ။

အမှန်စင်စစ် လူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့လုပ်နေကြတဲ့ အလုပ်တွေနဲ့ ပတ်သက်ပြီး တစ်နေ့ကို ခပ်များများ မဟုတ်ပါဘူး။ ငါးမိနစ်လောက်ပဲ နဖူးပေါ် လက်တင်ပြီး စဉ်းစားကြမယ်ဆိုရင် သံသရာကြီးဟာ ဘယ်လောက် ကြောက်စရာကောင်းတယ် ဆိုတာရယ်၊ ညစ်ပတ်ပြီးရတဲ့ စည်းစိမ်ပဲဖြစ်ဖြစ် ဘယ်စည်းစိမ်ပဲဖြစ်ဖြစ် စည်းစိမ်ဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်လောက်တောင် ကြာရှည်မခံဖူးဆိုတာရယ်၊ လူတွေဟာ သေတဲ့အခါ အမတ်ကြီး ဦးပေါ်ဦး လက်ဝါးကြီး ဖြန့်ပြသွားသလို သေတဲ့လူနဲ့ ဘာမှပါမသွားဘူး ဆိုတာရယ်၊ ညစ်ပတ်မှုလုပ်သမျှ သံသရာမှာသာ မဟုတ်ဘူး၊ အခု မျက်မှောက်မှာလည်း သူ့သားစဉ် မြေးဆက်တွေဟာ ဒီညစ်ပတ်တဲ့ လူရဲ့ ဒဏ်ကို ခံရတယ် ဆိုတာရယ် ကောင်းကောင်း သဘောပေါက်နိုင်ကြလိမ့်မယ်။

mgyoe.com

mgyoe.com


## ညစ်ပတ်မှုကြီးကို အမြစ်ကနေ၍ဖြတ်

အဲဒီတော့ ပျက်အစဉ် ပြင်ခဏ ဆိုတဲ့ စကားလို ရှေးအခါက လာဘ်ပေးလာဘ်ယူ လုပ်ခဲ့တဲ့ လူတွေဟာ မိမိတို့ရဲ့ သံသရာဘေးကို မျှော်တွေးပြီး လာဘ်ပေးလာဘ်ယူ အလုပ်တွေကို ဖြတ်ပစ်ကြတော့ဟု ကျွန်တော် လေးနက်စွာ မေတ္တာရပ်ပါတယ်။ အကယ်၍ သံသရာကို မမြင်ရလို့ မကြောက်သည့်တိုင်အောင် ပြည်ထောင်စုကြီး ပျက်စီးရမည့် ဘေးကို မျှော်တွေးပြီး ဒီလာဘ်ပေးလာဘ်ယူ ကိစ္စတွေကို ဖြတ်ပစ်ကြရန် ကျွန်တော် လေးနက်စွာ မေတ္တာရပ်ပါတယ်။ အကယ်၍ သံသရာဘေးကိုလည်း မကြောက်၊ ပြည်ထောင်စုကြီး ပျက်စီးမှာကိုလည်း မစိုးရိမ်သည့်တိုင်အောင် အနည်းဆုံး မိမိတို့ရဲ့ သားစဉ် မြေးဆက်တွေဟာ အပေါင်းအသင်း မိတ်သင်္ဂဟတွေရဲ့ တံတွေးခွက်မှာ ပက်လက်မျောရမည့် ဘေးကိုတော့ဖြင့်ရင် စိုးရိမ်ကြောက်လန့်ပြီး အဇ္ဇ အာဒိကတ္တာ ယနေ့မှ အစပြုပြီး လာဘ်ပေးလာဘ်ယူ ညစ်ပတ်မှုကြီးကို အမြစ်မှနေ၍ ဖြတ်ပစ်ကြရန် ကျွန်တော် လေးနက်စွာ ထပ်လောင်း မေတ္တာရပ်လိုက်ပါတယ်။

## လူသန့်ရှင်းတွေ၊ လူကောင်းတွေ ဝိုင်းဝန်းကူညီကြပါ

ကျွန်တော်ရဲ့စကားမဆုံးခင် အချက်တစ်ချက်ကို ကျွန်တော် ရှင်းလိုပါတယ်။ ဒီပြပွဲပြိုင်ပွဲကို ကြည့်ပြီး နိုင်ငံရေးသမားတွေမှန်သမျှ၊ ကုန်သည်တွေမှန်သမျှ တစ်ယောက်မကျန် အားလုံး လာဘ်ပေးလာဘ်ယူသမားတွေဖြစ်တယ်လို့ ဘယ်နဲ့နည်းနဲ့မှ မယူဆစေချင်ပါ။ သံသရာဘေးကြီးကို ကြောက်ပြီး အင်မတန် သန့်ရှင်းတဲ့ နိုင်ငံရေးသမားတွေ၊ ကုန်သည်တွေ၊ အရာရှိတွေ၊ ပြည်ထောင်စုကြီး တည်မြဲဖို့အတွက် လက်နက်ကိုင်တပ်တွေ၊ ဥပဒေနဲ့သာ မလုံလောက်သေးဘူး။ ပြည်ထောင်စု

mgyoe.com

mgyoe.com


သားတွေကလည်း အနည်းဆုံး လူကောင်းတွေ ဖြစ်ရဦးမယ် ဆိုတာကို ယုံကြည်ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အင်မတန် သန့်ရှင်းအောင် ကြိုးစားပြီးနေကြတဲ့ နိုင်ငံရေးသမားတွေ၊ ကုန်သည်တွေ၊ အရာရှိတွေ ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ အများကြီးပဲ ရှိပါတယ်။

အဲဒီသန့်ရှင်းတဲ့ နိုင်ငံရေးသမားတွေ၊ သန့်ရှင်းတဲ့ ကုန်သည်တွေ၊ သန့်ရှင်းတဲ့ အရာရှိတွေကို ဒီနေရာကနေပြီး နိုင်ငံတော်အစိုးရနဲ့ ဖဆပလအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်က လေးလေးနက်နက်ကြီး ချီးကျူးရုံသာမက သူတို့အတွက် ကျွန်တော်တို့က အများကြီး ဂုဏ်ယူတယ် ဆိုတာကိုလည်း ဒီနေရာကနေပြီး ကျွန်တော် အတိအလင်း ကြေညာလိုပါတယ်။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရတယ် ဆိုတဲ့ စကားလို လူကောင်းတွေကိုပါ နာမည်မပျက်ပျက်အောင် လုပ်ပေးနေကြတဲ့ ဒီလူယုတ်မာ၊ လူညစ်ပတ်တွေကို လူသန့်ရှင်းတွေ၊ လူကောင်းတွေ ဖြစ်လာအောင် တရားတဲ့နည်းမျိုးစုံနဲ့ ဝိုင်းဝန်းပြီး ကူညီစောင်မကြဖို့၊ ဒီသန့်ရှင်းတဲ့ နိုင်ငံရေးသမားတွေ၊ သန့်ရှင်းတဲ့ ကုန်သည်တွေ၊ သန့်ရှင်းတဲ့ အရာရှိတွေကို နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားရော ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့ ကိုယ်စားရော ကျွန်တော် ဒီနေရာကနေပြီး လေးလေးနက်နက် မေတ္တာရပ်လိုက်ပါတယ်။

■

mgyoe.com

mgyoe.com

**၁၉၅၁–ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ ကြာသပတေးနေ့**
**တိုင်းပြည်ပြု လွှတ်တော် ပါလီမန်တွင် ၁၉၅၁ ခုနှစ်၊**
**အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူး**
**စုံစမ်းစစ်ဆေးရေးဌာန 'ဥပဒေကြမ်း' ကို တင်သွင်းရာ၌ ...**

နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု မြွက်ကြားသည့်
ဥပဒေ-သွင်း မိန့်ခွန်း

**အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန။**

ယခု ဥပဒေကြမ်းနှင့် 'အထူးစုံစမ်း စစ်ဆေးရေးဌာန' အတည်ဖြစ်လာရင် 'အထူးစုံစမ်း စစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့' အမည်နဲ့ အဖွဲ့ကြီး သီးခြားပေါ်လာပါလိမ့်မယ်။ ဒီအဖွဲ့နှင့် ဌာနကို နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်ပါလိမ့်မယ်။ ဒီအဖွဲ့နှင့် ဌာနရဲ့ တာဝန်ဝတ္တရားများကတော့ တခြား မဟုတ်ပါဘူး။ ဒီလွှတ်တော်က သိပြီးသားဖြစ်နေတဲ့ ဗိလေးလုံးလို့ နာမည်တွင်ခဲ့တဲ့ အဖွဲ့ကြီးရဲ့ တာဝန်ဝတ္တရားများပင် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


ဒီဥပဒေကြမ်းကို တင်သွင်းရင်း အခုလို အခွင့်ကောင်းရတဲ့အခါ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီလွှတ်တော်ကို အချက်အနည်းငယ်နဲ့ ပတ်သက်ပြီး ကျွန်တော် ရှင်းပြလိုပါတယ်။

ဒီအဖွဲ့နှင့် ပတ်သက်ပြီး ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ အမျိုးမျိုး ဝေဖန်နေကြတာကို ကျွန်တော် ကြားရပါတယ်။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းကို သဘောကျတဲ့ လူတွေကလည်း 'ကောင်းတယ်၊ ဒီလိုလုပ်ပေးမှပဲ၊ ဒီလိုမလုပ်ရင်တော့ ပြည်ထောင်စုကြီး ရေတိမ်မှာ နစ်ရချေရဲ့' အစရှိတဲ့ စကားတွေနဲ့ ဒီအဖွဲ့ကို ထောက်ခံအားပေးကြပါတယ်။ ဒီအဖွဲ့ရဲ့ အကြောင်းကို ကောင်းကောင်း မသိတဲ့ လူတချို့ကလည်း 'အလကားပါကွာ၊ ဒီအဖွဲ့ဟာ ဘိန်းစားတွေ၊ လမ်းကြိုလမ်းကြား ထဘီရုပ်သမားတွေကိုသာ ဆွဲနေတာပါ။ မျက်နှာကြီး သူခိုးတွေကျတော့ လက်ဖျားနဲ့တောင် မတို့ရဲပါဘူး' ဆိုတဲ့ ညည်းညူသံမျိုးနဲ့ ဒီအဖွဲ့အပေါ်မှာ မကျေနပ်တဲ့ လက္ခဏာတွေကို ပြကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဖြူရင်မည်းမယ်၊ ကျွန်တော်တို့ လုပ်သမျှ ဘာကိုမှ အကောင်းမထင်ဘူး ဆိုတဲ့ လူစားတွေကျတော့ 'ဒီအဖွဲ့ဟာ မတည့်တဲ့ လူတွေကို လှော်ဖမ်းဖို့ ဦးနုရဲ့ ခါးပိုက်ဆောင် သူလျှိုအဖွဲ့ပါကွာ' ဆိုပြီး ဒီအဖွဲ့ကို ရှုတ်ချကြပါတယ်။

အခုအချိန်နဲ့ အခုနေရာဟာ အင်မတန် ကောင်းတဲ့အချိန်နဲ့ အင်မတန်ကောင်းတဲ့ နေရာကြီး ဖြစ်နေတဲ့အတွက် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီဝေဖန်ချက်များနဲ့ ပတ်သက်ပြီး တစ်ခုစီတစ်ခုစီ ဒီ လွှတ်တော်ကို ကျွန်တော် ရှင်းပြလိုပါတယ်။

## ပြည်ထောင်စုကြီး ရေတိမ်မှာ နစ်ရချေရဲ့

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီအဖွဲ့ကို ထောက်ခံကြတဲ့ လူတွေရဲ့ ဝေဖန်ချက်ထဲမှာ၊ ထောက်ခံချက်ထဲမှာပါတဲ့ 'ဒီလိုမလုပ်ရင်တော့ ပြည်ထောင်

mgyoe.com

mgyoe.com


စုကြီး ရေတိမ်မှာ နစ်ရချေရဲ့လို့’ ဆိုတဲ့ စကားလုံးတွေဟာ အမှတ်တမဲ့ ကြည့်လိုက်ရင် ချဲ့ပြီး ပြောထားတဲ့ စကားတွေလိုလို၊ လိုတာထက် ပိုပြီး ပြောထားတဲ့ စကားတွေလိုလို ယူဆကောင်း ယူဆစရာ ရှိပါ တယ်။ ဒါပေမဲ့ စကားလုံးတွေဟာ အင်မတန် လေးနက်တဲ့ စကားလုံး တွေ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ရေတိမ်နစ်မှာစိုးတဲ့ လူတိုင်း လေးလေးနက်နက် စဉ်းစားစရာကောင်းတဲ့ စကားလုံးတွေ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကမ္ဘာ့ရာဇဝင်ကို အထူးလေ့လာခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦးဟာ ဒီကနေ့ ဖြစ်ပျက်နေတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု အခြေအနေကြီးကို လက်ပေါ်မှာတင်ပြီး ဆင်ခြင်သုံးသပ်ကြည့်မယ် ဆိုရင် ‘ဒီလိုမလုပ်ရင်တော့ ပြည်ထောင်စုကြီး ရေတိမ်မှာ နစ်ရချေရဲ့’ ဆိုတဲ့ စကားဟာ အင်မတန်မှန်တဲ့ စကား၊ အင်မတန် လေးနက်တဲ့ စကားဖြစ်တယ် ဆိုတာကို ဝန်မခံဘဲ ဘယ်နည်းနဲ့မှ နေနိုင်မှာ မဟုတ် ပါဘူး။

## ကမ္ဘာ့ရာဇဝင်က ထောက်ခံနေတယ်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကမ္ဘာ့ရာဇဝင်ထဲက အင်မတန် ထင်ရှားတဲ့ သာဓက နှစ်ရပ်ကို ကျွန်တော် ထုတ်ပြီးပြချင်ပါတယ်။ ခရစ်သက္ကရာဇ် ၁၇၈၉ ခုနှစ်အတွင်းမှာ ပြင်သစ်နိုင်ငံမှာ အင်မတန် ကြီးကျယ်တဲ့ အရေးတော်ပုံကြီး ပေါ်ပေါက်လာပြီး ပြင်သစ်နိုင်ငံကြီးဟာ အုတ်မြစ်က ကိုင်ပြီး လှုပ်လိုက်သလို တုန်လှုပ်ချောက်ချားသွားခဲ့ပါတယ်။ ၁၉၁၇ နှစ်မှာလည်း ရုရှနိုင်ငံကြီးမှာ အလားတူ အင်မတန် ကြီးကျယ်တဲ့ အရေးတော်ပုံကြီး တစ်ခု ပေါ်ပေါက်ခဲ့ဖူးပါတယ်။ ဒီအရေးတော်ပုံ ကြီးဟာ အင်မတန် ကြီးကျယ်လို့ ရုရှားသာမက တစ်ကမ္ဘာလုံးကိုပဲ

mgyoe.com

mgyoe.com

တုန်လှုပ်ချောက်ချားသွားစေခဲ့ပါတယ်။ ဒီအရေးတော်ပုံကြီး နှစ်ခု ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကြီးတွေကို ရှာလိုက်ရင် ဒီအကြောင်း ရင်းကြီးတွေထဲမှာ ခြစားထားတဲ့ စာရိတ္တ မဏ္ဍိုင်ကြီးကို သက်ဆိုင်ရာ အစိုးရတွေဟာ အချိန်မီ မပြုပြင်နိုင်တဲ့ အကြောင်းရင်းကြီး တစ်ခုလည်း ပါနေတယ် ဆိုတာကို ကျွန်တော်တို့ အထင်အရှား တွေ့ကြရလိမ့်မယ်။ သူများနိုင်ငံတွေရဲ့ ရာဇဝင်ကို ထားပါဦး။ ကျွန်တော်တို့ရဲ့ ရာဇဝင်ကို ပြန်ကြည့်ရင်ပဲ သီပေါဘုရင် ကြက်ငှက်ကလေးလို အဖမ်းခံသွားရတဲ့ အကြောင်းရင်းကြီးတွေထဲမှာ ခြစားနေတဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို သီပေါ ဘုရင် အချိန်မီ မပြုပြင်နိုင်တဲ့ အကြောင်းရင်းကြီး တစ်ခုလည်း ပါနေ တယ် ဆိုတာကို ကျွန်တော်တို့ တွေ့ခဲ့ကြရတယ်။ အတိတ်ရာဇဝင်ကို မကြည့်ဘဲ မနေ့တစ်နေ့က ကျွန်တော်တို့ မျက်စိအောက်မှာ ဖြစ်ပျက် သွားတဲ့ သာဓကကိုမှ ကြည့်လိုတယ်ဆိုရင် တခြား အဝေးကြီးကို လှမ်း ကြည့်နေဖို့ မလိုပါဘူး။ ကျွန်တော်တို့နဲ့ အိမ်နီးနားချင်းဖြစ်တဲ့ တရုတ် ပြည်ကြီးကိုပဲ လှမ်းကြည့်နိုင်ပါတယ်။ တရုတ်ပြည်ကြီး အပြိုကြီး ပြို သွားတဲ့ အကြောင်းရင်းကြီးတွေထဲမှာ ခြစားထားတဲ့ စာရိတ္တမဏ္ဍိုင်ကြီး ကို တရုတ်အမျိုးသား အစိုးရတို့က အချိန်မီ မပြုပြင်နိုင်တဲ့အကြောင်း ရင်းကြီး တစ်ခုလည်း ပါနေတယ် ဆိုတာကို ကျွန်တော်တို့ ထင်ထင် ရှားရှားကြီး တွေ့ခဲ့ကြရပါတယ်။

## ပြည်တွင်းရန်ကိုလည်း မကြောက်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်တွင်းရန်နဲ့ ပတ်သက်ပြီး ဘယ်လောက် ကြီးတဲ့ သူပုန်တွေနဲ့ ရင်ဆိုင်ရမှာကိုလည်း ကျွန်တော်တို့ ကြောက်ဒူး မတုန်ပါဘူး။ သူပုန်တွေရဲ့ ရန်ကြောင့် ပြည်ထောင်စုကြီး တစ်ခုလုံး ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်သာ လိုတော့ပြီး မျှော်လင့်ချက်ဆို

mgyoe.com

mgyoe.com


လို့ လမ်းမပြင်၊ ကမ်းမပြင်တဲ့ ဘဝကို ရောက်နေတာတောင်မှ ကျွန်တော်တို့ဟာ အလံမလှဲခဲ့ပါဘူး။ နံရံကို ကျောပေးပြီး သူပုန်တွေ ရန်ကို တွန်းလှန်ဖြိုဖျက်ခဲ့တာ ဥက္ကဋ္ဌကြီးနှင့်တကွ ဒီလွှတ်တော် တစ်ရပ်လုံးက ကောင်းကောင်းကြီး မြင်ခဲ့ပြီးပါပြီ။

## ပြည်ပရန်ကိုလည်း မကြောက်

ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲဒီတော့ 'ဒီလိုဆိုရင် ပြည်ပရန်ကိုရော မကြောက်ဘူးလား' လို့ မေးစရာ ရှိပါတယ်။ ကျွန်တော် မှန်မှန်ပဲ ဖြေပါရစေ။ မကြောက်ပါဘူး။ နည်းနည်းလေးမှ မကြောက်ပါဘူး။ အခုခေတ်ဟာ လူပေါ်စက ခေတ်မျိုး မဟုတ်ပါဘူး။ သီပေါမင်း ကြက်ကလေး၊ ငှက်ကလေးလို အဖမ်းခံသွားရတဲ့ ခေတ်မျိုးလည်း မဟုတ်ပါဘူး။ အခုခေတ်ဟာ တစ်နိုင်ငံက တစ်နိုင်ငံကို ဘူးသီး၊ ခရမ်းသီးလို လွယ်လွယ်နဲ့ သိမ်းယူနိုင်တဲ့ခေတ် မဟုတ်ပါဘူး။ ဘယ်လောက်ကြီးတဲ့ နိုင်ငံက ဘယ်လောက်ငယ်တဲ့ နိုင်ငံကလေးကိုပဲဖြစ်ဖြစ် ခုခေတ်မှာ လွယ်လွယ်နဲ့ တိုက်မယူနိုင်ပါဘူး။ လူယုတ်မာတွေ၊ မျိုးဖျက်တွေက ဘယ်လိုသတင်းတွေကိုပဲ လွှင့်လွှင့်၊ တစ်နိုင်ငံက တခြားနိုင်ငံကို တိုက်ယူတယ် ဆိုတဲ့ အလုပ်ဟာ ခုလိုခေတ်မျိုးမှာ မလွယ်လှပါဘူး။ အကယ်၍ နိုင်ငံတစ်ခုခုက မိုက်ရူးရဲပြီး ကျွန်တော်တို့ကို ဗွတ်တရွတ် အတင်းတိုက်မယ်ဆိုရင်လည်း မတရားတာကို မခံချင်တဲ့ နိုင်ငံတွေ ကမ္ဘာပေါ်မှာ အများကြီး ရှိပါတယ်။ အဲဒီနိုင်ငံတွေနဲ့ပေါင်းပြီး ဒီမိုက်ရူးရဲ နိုင်ငံကို ခံချမှာပဲ။ အဲဒါကြောင့် ဘယ်သူတွေက ဘယ်လိုခြောက်ခြောက်၊ ဘယ်လိုလိုမ့်နေနေ ဒီအပြင် ရန်တွေကိုလည်း ကျွန်တော်တို့ မကြောက်ပါဘူး။

mgyoe.com

mgyoe.com


ခြမနိုင်လို့ ပြည်ထောင်စုကြီး ပျက်မှာကို ကြောက်၏

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ကြောက်တာတော့ တစ်ခု ရှိပါတယ်။ အဲဒါက တခြား မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စု ရဲ့ ခြစားနေတဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ကျွန်တော်တို့ အချိန်မီ မပြုပြင် နိုင်တဲ့အတွက် ပြည်ထောင်စုကြီးဟာ ခြစားတဲ့ အိမ်ကြီးပြိုသွားသလို ပြိုကျသွားမယ့် ဘေးရန်ကြီးပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ခြောက်တာ မဟုတ်ပါဘူး။ စကား ကို ချဲ့ပြီး ပြောနေတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်ထောင် စုရဲ့ စာရိတ္တမဏ္ဍိုင်ဟာ အင်မတန်ကို အသည်းထိတ်စရာကောင်းတဲ့ အခြေအနေမှာ ရောက်နေပါပြီ။ အစိုးရ ရပ်ကွက်တွေမှာပဲ ကြည့်ကြည့်၊ နိုင်ငံရေး ရပ်ကွက်တွေမှာပဲ ရှာရှာ၊ ကုန်သည်ရပ်ကွက်တွေမှာပဲ စစ်စစ်၊ ဘယ်နေရာမှာမဆို များသောအားဖြင့် လူတွေဟာ လောဘသရဲတွေ စီးနေကြသလို တရားလက်လွတ် ငမ်းငမ်းတက်ကြီး ဖြစ်နေတာကို ကျွန်တော် တွေ့ရပါတယ်။ လူတွေဟာ ဘယ်လောက်အထိ ငမ်းငမ်းတက် ဖြစ်နေ ကြတယ် ဆိုတာကို လွှတ်တော် အမတ်တွေ သိတာထက် ဝန်ကြီးချုပ် အနေနဲ့ ကျွန်တော်က ဆယ်ဆလောက် ပိုပြီး သိတယ်ဆိုရင် မမှားပါ ဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီလူတွေဟာ အမြော်အမြင်ဆိုလို့ ဘာမှမရှိ တဲ့ လူစားတွေ မဟုတ်ပါဘူး။ နောက်မှ စားပိုးနင့်ပြီး သေသေ၊ အခု မြက်မြက်ဝါးရရင် ပြီးရော ဆိုတဲ့ စူစကာပုဏ္ဏားလို ငါးမျှားထစ်ကို မမြင်ဘဲ ငါးစာသာ မြင်ပြီး ငမ်းငမ်းတက် ဖြစ်နေတဲ့ ငါးမိုက်လို ဒီလူ တွေဟာ အင်မတန်ကြီးကို အမြင်တိုတဲ့ လူစားတွေပါပဲ။ သူတို့ ငမ်းငမ်း တက် ဖြစ်တာကို ဘာဆေးနဲ့မှ မကုဘဲ လက်ပိုက်ပြီးတော့သာ ကြည့် နေကြမယ်ဆိုရင် သူတို့ ငမ်းငမ်းတက်နေကြမှာကတော့ ပြည်ထောင်စု

mgyoe.com

mgyoe.com


ကြီး ပျက်ကျသွားတဲ့အထိ ငမ်းငမ်းတက် ဖြစ်ကြမှာပဲ။ အဲဒီတော့ ဒီလူတွေ ငမ်းငမ်းတက် ဖြစ်ချင်တိုင်း ဖြစ်နေကြတာကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေလို့ မဖြစ်ပါဘူး။

**လောဘသရဲစီးနေတဲ့ လူတွေကို ခပ်ကြမ်းကြမ်း အရေးယူဖို့**

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီနေရာမှာ မေးခွန်းတစ်ခု မေးနိုင်ပါတယ်။ 'ပြည်ထောင်စုရဲ့ ခြစားနေတဲ့ မဏ္ဍိုင်ကြီးကို အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ တစ်ခုနဲ့ ပြုပြင်လို့ရမှာလား" လို့ မေးနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ခြစားနေတဲ့ မဏ္ဍိုင်ကြီးကို ဒီအဖွဲ့တစ်ခုတည်းနဲ့ ပြုပြင်လို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒီအဖွဲ့ တစ်ခုတည်းနဲ့လည်း ပြုပြင်ဖို့တော့ ကျွန်တော်တို့ စိတ်မကူးပါဘူး။ ခြစားနေတဲ့မဏ္ဍိုင်ကြီးကို ပြုပြင်ဖို့အတွက် ဘာသာရေး အသီးသီးကို ပြန်လည်ထူထောင်ဖို့ အစီအစဉ်တွေ လုပ်ပေးရမယ်။ ပြည်ထောင်စုသားတွေ အသိတရားတွေ တိုးတက်အောင် တိုးတက်တဲ့ ပညာရေး အစီအစဉ်တွေကိုလည်း ပေးရဦးမယ်။ ပြည်ထောင်စုသားတွေရဲ့ နေရေး၊ စားရေး၊ ဝတ်ရေး ဆိုတဲ့ အရေးတွေကိုလည်း တိုးတက်သည်ထက် တိုးတက်လာအောင် လုပ်ပေးရပါလိမ့်ဦးမယ်။ ဒါတွေအတွက် အစီအစဉ်ကိုလည်း ကျွန်တော်တို့ မမေ့ပါဘူး။ နေ့ရှိသမျှ လုပ်လျက်ပါပဲ။ ဒါပေမဲ့ ဒါတွေကို တစ်ဖက်က လုပ်နေတုန်း အခြားတစ်ဖက်ကလည်း လောဘသရဲစီးနေတဲ့ လူတွေကို အရေးယူဖို့အတွက် ခပ်ကြမ်းကြမ်း အစီအစဉ်တွေကို လုပ်ပေးကြလိမ့်ဦးမယ်။ အဲဒီအစီအစဉ်တွေ လုပ်ဖို့အတွက် 'အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့' ကို သီးသန့်အဖွဲ့တစ်ခုအဖြစ်နဲ့ ယခုလွှတ်တော် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


## အားမလိုအားမရဖြစ်တဲ့ ဝေဖန်သံတွေကို ရှင်းပြပါမယ်

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ အချို့ပုဂ္ဂိုလ်များက ဒီအဖွဲ့နဲ့ ပတ်သက်ပြီး အားမလိုအားမရဖြစ်နေတဲ့ လေသံမျိုးတွေနဲ့ ဝေဖန်သံတွေကို ကျွန်တော်တို့ ကြားရပါတယ်။ သူတို့ ဝေဖန်ချက်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ဒီအဖွဲ့ဟာ မျက်နှာကြီးသူခိုးတွေကို လက်ဖျားနဲ့မှ မထိရဲဘူး။ သူခိုးဘိန်းစားတွေ၊ လမ်းကြိုလမ်းကြား ထဘီရုပ်သမားတွေကို ဆွဲနေတာပဲ ဆိုတဲ့ ဝေဖန်ချက်သာ ဖြစ်ပါတယ်။ ဒီလိုဝေဖန်တဲ့ လူတွေထဲမှာ အဖြစ်အပျက်မှန်ကို မသိလို့ စေတနာကောင်းနဲ့ ဝေဖန်ကြတဲ့ လူတွေလည်း အများကြီး ပါပါတယ်။ ဒါကြောင့်မို့ ဒီလူတွေကို ခုလို အခွင့်ရတဲ့အခါမှာ ကျွန်တော် အနည်းငယ် ရှင်းပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီအဖွဲ့က အရေးယူတဲ့ ပုဂ္ဂိုလ်တွေကို စာရင်းနဲ့ ဖော်ပြရရင် ဒီအဖွဲ့ကို အားမလိုအားမရဖြစ်နေတဲ့လူတွေ အတော်ပဲ ကျေနပ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

## မျက်နှာကြီးတွေကိုလည်း မရှောင်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ၁၉၄၈ ခုနှစ်မှာ ဒီအဖွဲ့က အရေးယူခဲ့တဲ့ လူအပေါင်းဟာ ၁၂၆ ယောက် ဖြစ်ပါတယ်။ ဒီ ၁၂၆ ယောက် အထဲမှာ မျက်နှာကြီးလို့ခေါ်နိုင်တဲ့ ပုဂ္ဂိုလ်များနဲ့ အရာရှိပေါင်းဟာ ၂၈ ဦး ပါဝင်ပါတယ်။ အဲဒီနှစ်မှာ အရေးယူခံရတဲ့ အမှုတွေရဲ့ အစုစု တန်ဖိုးငွေမှာ ၄၀,၀၀,၀၀၀ ဝ လေးသန်းကျော်ပါတယ်။ ၁၉၄၉ ခုနှစ်မှာ ဒီအဖွဲ့က အရေးယူခဲ့တဲ့ လူပေါင်းမှာ ၁၅၀ ဖြစ်ပါတယ်။ အဲဒီအထဲမှာ မျက်နှာကြီးဆိုတဲ့လူတွေ ၂၃ ဦး ပါပါတယ်။ အရေးယူခဲ့တဲ့ အမှုရဲ့ တန်ဖိုးဟာ ငါးသန်းကျော် ပါတယ်။ ၁၉၅၀ ခုနှစ်မှာ ဒီအဖွဲ့က အရေးယူခဲ့တဲ့ လူပေါင်းဟာ ၉၆ ဦး ဖြစ်ပါတယ်။ အဲ့ဒီအထဲမှာ မျက်နှာကြီးဆိုတဲ့

mgyoe.com

mgyoe.com


လူတွေ ၂၅ ဦး ပါခဲ့ပါတယ်။ အရေးယူခံရတဲ့ အမှုအားလုံးရဲ့ တန်ဖိုးဟာ နှစ်သန်းနီးပါးမျှ ဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ်မှာ ဒီအဖွဲ့က အရေးယူခဲ့တဲ့ လူပေါင်းဟာ ၉၂ ဦး ဖြစ်ပါတယ်။ ဒီအထဲမှာ မျက်နှာကြီးဆိုတဲ့ လူတွေ ၁၂ ဦး ပါခဲ့ပါတယ်။ အရေးယူခဲ့တဲ့ အမှုပေါင်းအားလုံးရဲ့ တန်ဖိုးဟာ နှစ်သန်းနီးပါးမျှ ဖြစ်ပါတယ်။ ဒီအဖွဲ့က အရေးယူခဲ့တဲ့ လူတွေထဲမှာ ဒီ၊ အိုင်၊ ဂျီ ခေါ်တဲ့ ပုလိပ်မင်းကြီးအထိ၊ အစိုးရအတွင်းဝန်များအထိ၊ ပြည်နယ်ဝန်ကြီးအထိ ပါဝင်ခဲ့တာကို ဒီလွှတ်တော်ကြီးက ကောင်းကောင်း သိပြီးပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။ အမှန်အတိုင်း ပြောရရင် ယခုခေတ်မှာ လွှတ်တော် အမတ်တွေထက် ပိုပြီး မျက်နှာကြီးတဲ့ လူတွေ မရှိပါဘူး။ အစိုးရအဖွဲ့ကြီး တစ်ခုလုံးကိုပင် ပြုတ်ကျအောင် သို့မဟုတ် တည်မြဲအောင် လုပ်ပေးနိုင်တဲ့ တန်ခိုးအာဏာတွေကို ဆုပ်ကိုင်ထားတဲ့ လူတွေ ဖြစ်နေတဲ့အတွက် နိုင်ငံမှာဖြင့် လွှတ်တော်အမတ်တွေဟာ မျက်နှာအကြီးဆုံး လူတန်းစားတွေထဲကပဲ ဆိုတာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကြောင့်မို့လို့လည်း သာမန်အားဖြင့်ဆိုရင် အစိုးရ အဖွဲ့တွေဟာ အမတ်တွေကို လက်ဖျားနဲ့တောင် မတို့ရဲခဲ့ပါဘူး။ 'ပီလေးလုံး' ခေါ် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့' က အရေးယူခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲမှာ လွှတ်တော်အမတ်တွေပင် ပါခဲ့ဖူးတဲ့အတွက် ဒီအဖွဲ့ကြီးဟာ မျက်နှာကြီးတွေကို ရှောင်ကွင်းသွားတယ် ဆိုတဲ့ အချက်ဟာ မဟုတ်မှန်း အင်မတန် ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ မခိုင်မလုံတဲ့ ပစ်စာ တစ်စောင်၊ နှစ်စောင်ကို ရရုံနဲ့ဖြစ်စေ၊ ဟိုလူဒီလူဆိုပြီး လက်ညှိုးထိုးပြရုံနဲ့ ဖြစ်စေ၊ လူတွေကို အရမ်းကာရော အရေးယူလို့ မဖြစ်နိုင်ပါဘူး။ ဒီလို မခိုင်မလုံနဲ့ အရမ်းကာရော အရေးယူရင်လည်း တရားလွှတ်တော်ချုပ်က ငုံ့ခံနေမှာ မဟုတ်ဘူး။ အဲဒီတော့ ဒီအဖွဲ့က အရေးယူနိုင်တဲ့ အပြစ်တွေကို ကျူး

mgyoe.com

mgyoe.com


လွှန်လာတဲ့လူကိုတွေ့ရင် ဒီအဖွဲ့ကြီးကို ချက်ချင်းတိုင်ကြားပါ။ ဒီအဖွဲ့က စုံစမ်းပြီး သက်သေအခိုင်အမာကိုသာ အရေးယူနိုင်လောက်အောင် ရမယ်ဆိုရင် ဆင်ထက်ပိုကြီးတဲ့ မျက်နှာကြီးတွေပဲဖြစ်ဖြစ် ရဲရဲရင့်ရင့် အရေးယူပါမယ် ဆိုတာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဒီလွှတ်တော်ကြီးကို ကျွန်တော်က ကတိပေးပါတယ်။

## လူထု၏ ပူပေါင်းကူညီမှုနှင့် အဖွဲ့၏ အောင်မြင်မှု

ဥက္ကဋ္ဌကြီးခင်ဗျား၊ 'အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့' ရဲ့ အောင်မြင်မှုဟာ လူထုရဲ့ ရက်ရက်ရောရော ပူးပေါင်းကူညီမှုပေါ်မှာ အများကြီး တည်နေပါတယ်။ အကယ်၍သာ လူထုရဲ့ ပူးပေါင်းကူညီမှုကိုမရဘူးဆိုရင် ဒီအဖွဲ့သာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ ဘယ်စုံထောက် အဖွဲ့မှ အောင်မြင်မှာ မဟုတ်ဘူး ဆိုတာကို ကျွန်တော် ပြောရဲပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီအဖွဲ့ရဲ့လူအင်အားကိုကြည့်မှ အခု ကျွန်တော် ပြောခဲ့တဲ့ စကားဟာ ဘယ်လောက်အထိ မှန်တယ် ဆိုတာ ပိုပြီး ထင်ရှားပါလိမ့်မယ်။ ၁၉၄၈ ခုနှစ်က ဒီအဖွဲ့မှာ ထိရောက်စွာ အသုံးပြုနိုင်တဲ့ အရာရှိဦးရေဟာ ခရိုင်ရဲဗိုလ်မှူးတစ်ဦး၊ ရဲဗိုလ်မှူးနှစ်ဦး၊ ရဲဗိုလ်ခြောက်ဦး၊ ရဲအုပ်ခုနစ်ဦး၊ အားလုံးပေါင်း တစ်နိုင်ငံလုံးတွက်မှ တစ်ဆယ့်ခြောက်ဦးသာ ဖြစ်ပါတယ်။ ၁၉၄၉ ခုနှစ်မှာ အရာရှိဦးရေ ၁၆ ဦးမှ ၂၄ ဦးအထိ တိုးတက်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်မှာ ၂၄ ဦးမှ ၄၈ အထိ တိုးတက်ခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်မှာ ၃၇ ဦးထိ ပြန်လျော့သွားပါတယ်။ ဒီအရာရှိဦးရေကို တစ်ပြည်ထောင်လုံးနဲ့ စာလိုက်ရင် ဆင့်ပါးစပ် နှမ်းပက်သလို ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ လူထုရဲ့ အကူအညီကြောင့် ကျွန်တော်တို့ မျှော်လင့်ခဲ့တာထက် ပိုပြီး ခုနက လွှတ်တော်ကို ကျွန်တော်

mgyoe.com

mgyoe.com


အစီရင်ခံခဲ့တဲ့ အောင်မြင်မှုတွေကို ရရှိခဲ့ပါတယ်။ အခု ဥပဒေကြမ်းကြီး အတည်ဖြစ်ပြီးတဲ့နောက် အရာရှိများကို ရန်ကုန် ဌာနချုပ်မှာသာထား တာ မဟုတ်တော့ဘဲ ခရိုင်တိုင်းမှာလည်း အနှံ့အပြား ထားတော့မည် ဖြစ်တဲ့အတွက် လူထုရဲ့ အကူအညီကို ရက်ရက်ရောရော တိုးတက်ပြီး ရလာတာနဲ့အမျှ ထိုအဖွဲ့ရဲ့ အောင်မြင်မှုဟာလည်း တိုးတက်လာပါ လိမ့်မယ် ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီလွှတ်တော်ကြီးကို ကျွန်တော် ဝန်ခံကတိပေးပါတယ်။ ပြည်ထောင်စုကြီး ရေတိမ်မှာ မနစ်ရအောင် ကာကွယ်ပေးတဲ့အနေနဲ့ လွှတ်တော် အမတ်မင်းများနဲ့တကွ စိတ် ကောင်း၊ စေတနာကောင်းရှိကြတဲ့ လူထုအပေါင်းကလည်း ဒီအဖွဲ့ကို ဝိုင်းဝန်းပြီး ကူညီကြပါလို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် လေးနက် စွာ တိုက်တွန်းလိုက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ ဖြူရင်မည်းမယ်၊ ကျွန်တော် တို့ ဘာလုပ်လုပ် ကန့်ကွက်မယ် ဆိုတဲ့ လူစားမျိုးတွေရဲ့ ဝေဖန်ချက် တွေကိုတော့ အသေးစိတ်ချေပနေဖို့ မလိုပါဘူး။ ဘယ်လိုပဲ ကြိုးစားပြီး ချေပနေပေမယ်လို့လည်း ဒီလူစားတွေကတော့ ကျေနပ်မှာ မဟုတ်ပါ ဘူး။

## ယုတ္တိအလျှင်းမရှိတဲ့ စွပ်စွဲချက်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီအဖွဲ့ကို ကျွန်တော်တို့ရဲ့ ခါးပိုက်ဆောင် သူလျှိုအဖွဲ့လုပ်ပြီး ကိုယ်နဲ့ မသင့်မတင့်တဲ့ လူတွေကို အရေးယူမယ် ဆိုတဲ့ စွပ်စွဲချက်တွေဟာ အင်မတန် ယုတ္တိကင်းမဲ့တဲ့ စွပ်စွဲချက်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ အာဏာရှင် နိုင်ငံ မဟုတ်ပါဘူး။ ဒီမိုကရေစီနိုင်ငံ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ အစိုး ရဟာ ရမ်းချင်သလို မရမ်းနိုင်ပါဘူး။ ဒီမိုကရေစီနိုင်ငံမှာ အစိုးရ ဆိုတာ

mgyoe.com

mgyoe.com


ဟာ အဆင့်ဆင့် ချုပ်ချယ်မှုတွေကို ခံရတယ်။ လွတ်လပ်စွာ ဟောပြော၊ လွတ်လပ်စွာ ရေးသား၊ လွတ်လပ်စွာ စည်းရုံးနိုင်ခွင့် ဆိုတဲ့ လူထုရဲ့ မူလအခွင့်အရေးတွေကို လွတ်လပ်စွာ အသုံးပြုနိုင်တဲ့ လူထုက တစ်ဖက်ကနေပြီး အစိုးရ ရမ်းချင်တိုင်း မရမ်းနိုင်အောင် ချုပ်ချယ်ထားတယ်။ နိုင်ငံတော်ရဲ့ အခြေခံ အုပ်ချုပ်ရေး စည်းမျဉ်းကြီးတွေလည်း အခြား တစ်ဖက်ကနေပြီး အစိုးရကို ချုပ်ချယ်ထားပါတယ်။ အဲဒီအတွက် ဒီမိုကရေစီနိုင်ငံမှာ အစိုးရဟာ ရမ်းချင်တိုင်း ရမ်းမယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ အဲဒါကြောင့် ဒီအဖွဲ့ကြီးနဲ့ ပတ်သက်ပြီး လူအချို့လွှင့်နေတဲ့ သတင်းတွေဟာ ယုတ္တိအလျှင်းမရှိဘူး ဆိုတာကို လွှတ်တော်ကြီးက ယုံကြည်စိတ်ချစေလိုပါတယ်။

ခုပြောခဲ့တဲ့အကြောင်းတွေကြောင့် အခု လွှတ်တော်ကြီးရဲ့ အရှေ့မှာရောက်နေတဲ့ ဒီဥပဒေကြမ်းကြီးဟာ ယခုလက်ငင်း အခြေအနေအရ အရေးတကြီးလိုနေတဲ့ ဥပဒေကြမ်းကြီး ဖြစ်တဲ့အတွက် ဒီလွှတ်တော်ကြီးက ယုံယုံကြည်ကြည်နဲ့ လက်ခံပြီး အတည်ပြုဖို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

■

mgyoe.com

mgyoe.com

**၁၉၅၁–ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးများနှင့် အရာရှိကြီးများ၏ ကျမ်းသစ္စာဆိုပွဲ အခမ်းအနားတွင် ...**

# နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်း

**နိုင်လိုမင်းထက် နှိပ်စက်ကလူပြုမှုမယ့်အဖွဲ့မဟုတ်**
**လူကြီးမင်းခင်ဗျား**

ဒီကနေ့အဖို့ အခြားစကားများကို မပြောမီ ရှင်းလင်းချက် တစ်ခုကို ရှေးဦးစွာ ပြောပါရစေ။ ဒီအချက်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ဒီကနေ့ ကျမ်းသစ္စာဆိုမယ့် အဖွဲ့ဝင်တွေ၊ ဦးစီးဆောင်ရွက်မယ့် အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ကြီးဟာ ပြည်ထောင်စုသားတွေကို နိုင်လို မင်းထက် နှိပ်စက်ကလူပြုမှုမယ့်အဖွဲ့ မဟုတ်ဘဲ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တတ်နိုင်သည့်နေရာ တစ်နေရာမှနေပြီး အမှု

mgyoe.com

mgyoe.com


ထမ်းမယ့်အဖွဲ့ ဖြစ်ကြောင်းကို ရှင်းပြဖို့ပဲ ဖြစ်ပါတယ်။ အမှန်စင်စစ် ဆိုရင် ကျွန်တော်တို့ရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ အနာအဆာ ကင်းစင်ပြီး အကောင်းပကတိဖြစ်နေတဲ့ အချိန်အခါမှာ ဒီလိုအဖွဲ့မျိုးဟာ ပြည်ထောင်စုအတွက် မလိုပါဘူး။ အခုတော့ ဒီလို မဟုတ်ဘူး။ စာရိတ္တမဏ္ဍိုင်ကြီးဟာ ခြစားထားလိုက်တာ ရစရာမရှိ ပြိုပျက်တော့မယ့်ဆဲဆဲ အထိ ဖြစ်နေတာကို လူကြီးမင်းများကိုယ်တိုင် တွေ့ကြရပါလိမ့်မယ်။ အဲဒီတော့ အခုလို အခွင့်ကောင်းရတုန်း ပြည်ထောင်စုရဲ့ ခြစားထားတဲ့ မဏ္ဍိုင်ကြီးကို စိတ်ကူးပြီး ကြည့်နိုင်အောင် အကြမ်းအားဖြင့် ကျွန်တော် သရုပ်ဖော်ပြချင်ပါတယ်။

## စာရိတ္တမဏ္ဍိုင်ချိုးနိုင်တဲ့ပုဂ္ဂိုလ် ၃ မျိုး

နိုင်ငံတစ်နိုင်ငံမှာ စာရိတ္တမဏ္ဍိုင်ကို ကျိုးပဲ့သွားအောင် အခြားပုဂ္ဂိုလ်တွေထက် အထူး ပိုပြီး စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ သုံးမျိုးသုံးစား ရှိပါတယ်။ ၎င်းတို့မှာ

(၁) အစိုးရအမှုထမ်း

(၂) နိုင်ငံရေးသမား

(၃) ကုန်သည်တို့ ဖြစ်တယ်။

ဒီပုဂ္ဂိုလ်သုံးဦးစလုံးဟာ ယခုအခါ ပြည်ထောင်စုရဲ့ စာရိတ္တမဏ္ဍိုင်ကို ဘယ်လောက်အထိ ဖျက်ဆီးခဲ့ကြပြီလဲ၊ ခု မေးခွန်းကို ကျွန်တော် ဖြေပါသည်။

## ညစ်ညမ်းယုတ်မာတဲ့ အမှုထမ်း

ရှေးဦးစွာ အစိုးရ အမှုထမ်းတွေထဲမှာ စာရိတ္တမဏ္ဍိုင်ကြီးကို တိုက်ဖျက်နေကြတဲ့ ခြကောင်တွေ အမျိုးမျိုးအစားစား ရှိကြပါတယ်။

mgyoe.com

mgyoe.com



ဥပမာ နိုင်ငံတော်အစိုးရမှာ သိန်းပေါင်း မြောက်မြားစွာတန်တဲ့ ပစ္စည်းတွေ အမြောက်အမြား ရှိတယ်။ အဲဒါတွေထဲမှာ တချို့ ပစ္စည်းတွေဟာ စာရင်း မရှိကြဘူး။ သက်ဆိုင်ရာ အမှုထမ်းအချို့ဟာ ဒီပစ္စည်းတွေကို နည်းအမျိုးမျိုးနဲ့ လိမ်ထုတ်ကြတာပဲ။ အချို့က မော်တော်ကားတွေနဲ့ ပြောင်သယ်တယ်။ အမှတ်တမဲ့ ကြည့်လိုက်တော့ အစိုးရအတွက် သယ်သလိုလို ထင်ရတယ်။ အမှန်စင်စစ်တော့ ဒီပစ္စည်းတွေဟာ မှောင်ခိုဈေးကို ပို့ဖို့ပဲ ဖြစ်တယ်။ အချို့ အမှုထမ်းတွေကတော့ အဖိုးတန် ပစ္စည်းတွေကို အမှိုက်သရိုက်ဖြစ်အောင် အစီရင်ခံပြီးတော့ အပြင်က ဝယ်မယ့် လူနဲ့ အတွင်းကျိတ်ကျိတ်ပြီး ထောင်နဲ့သောင်းနဲ့ ချီပြီး တန်တဲ့ ပစ္စည်းတွေကို သုံးလေးကျပ် တန်ဖိုးဖြတ်ပြီး ထုတ်ရောင်း၊ နောက် မေ့သလောက် ရှိတော့မှ ဒီပစ္စည်းမရှိမဖြစ်ဘူးဆိုပြီး လေးငါးကျပ်နဲ့ ရောင်းလိုက်တဲ့ပစ္စည်းတွေကို လေးငါးထောင်ပေးပြီး ပြန်ဝယ်၊ အစိုးရအဆောက်အဦတွေ ဆောက်တဲ့ နေရာမှာလည်း ထိုက်ထိုက်တန်တန် ရတာ တယ်ရှားတာပဲ။ တစ်ရာဖိုး ဆောက်ချင်ရင် များသောအားဖြင့် လေးဆယ်ဖိုးလောက်သာ အစိုးရက ရတယ်။ ကျန်တဲ့ ခြောက်ဆယ်ကတော့ဖြစ်ရင် အရာရှိအချို့နဲ့ ကန်ထရိုက်တာတွေ ဝေယူကြတာပဲ။ အစိုးရဝင်ငွေရအောင် လုပ်ပေးရတဲ့ ဌာနတွေမှာလည်း အခွန်အခပေးရတဲ့ လူတွေနဲ့ အမှုထမ်းအချို့ဟာ နားလည်မှုယူပြီး တစ်ကျပ်ပေးရမယ့် နေရာမှာ အစိုးရကို ငါးမူးသာပေး၊ တစ်မတ်ကို ဒီအမှုထမ်းတချို့ရဲ့ အိတ်ထဲကို ထည့်ကြတယ်။

တရားသူကြီးတွေကျပြန်တော့ တချို့တရားသူကြီးတွေဟာ လာဘ်ရ၍သော်လည်းကောင်း၊ လူကို ခင်၍သော်လည်းကောင်း၊ လူကို မုန်း၍သော်လည်းကောင်း၊ ကိုယ့်အပေါ်ကို ဘေးရောက်မှာစိုး၍ လည်းကောင်း စီရင်ချက်တွေကို တရားအတိုင်းမဟုတ်ဘဲ ဖောက်လွှဲဖောက်ပြန် ချပေးကြတယ်။

mgyoe.com